၁။ စာရင်းသေအပ်ငွေ (Fixed Deposit) ဆိုသည်မှာ အဘယ်နည်း။

စာရင်းသေအပ်ငွေ (Fixed Deposit) ဆိုသည်မှာ သတ်မှတ်ထားသည့်ကာလအပိုင်းအခြား (Tenor) အလိုက် အပ်နှံငွေထားရှိနိုင်ပြီး အဆိုပါအပ်နှံငွေအပေါ်ရရှိသည့် အတိုးနှုန်းသည် အခြားသောအပ်ငွေစာရင်းများနှင့်နှိုင်းယှဉ်ပါက ပိုမိုမြင့်မားစွာရရှိနိုင်သည့်အပ်ငွေစာရင်းအမျိုးအစားတစ်ခုဖြစ်ပါသည်။ ထို့အပြင် အခြားအပ်ငွေစာရင်းများနှင့်မတူဘဲ အပ်နှံငွေ၊ အပ်နှံထားသည့်ကာလအပိုင်း၊ သက်တမ်းစေ့ရောက်မည့်နေ့ရက်၊ အတိုးနှုန်းစသည့်အချက်အလက်များပါရှိသည့် Certificate of Term Deposit ကိုလည်း ဘဏ်မှ ထုတ်ပေးမည်ဖြစ်ပါသည်။

၂။ စာရင်းသေအပ်ငွေစာရင်း၏ စာရင်းပိတ်သိမ်းခြင်း၊စာရင်းလွှဲပြောင်းခြင်းတို့အား ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်နိုင်ပါသလား။

မဆောင်ရွက်နိုင်ပါ။ စာရင်းသေအပ်ငွေစာရင်း၏ စာရင်းပိတ်သိမ်းခြင်း၊စာရင်းလွှဲပြောင်းခြင်းတို့အား စာရင်းပိုင်ရှင် (ပူးတွဲစာရင်းဖြစ်ပါက ပူးတွဲစာရင်ပါစာရင်းပိုင်ရှင်အားလုံး)ကိုယ်တိုင်သာ ဆောင်ရွက်နိုင်ပါသည်။

၃။ သက်တမ်းစေ့ရောက်သည့်အချိန်တွင် စာရင်းသေအပ်ငွေစာရင်းမှ စာရင်းပိတ်သိမ်းခြင်း၊ စာရင်းလွှဲပြောင်းခြင်းတို့အား ဆောင်ရွက်ရန် Certificate of Term Deposit ကို ဘဏ်သို့ တင်ပြရန်လိုအပ်ပါသလား။

စာရင်းပိုင်ရှင်များအနေဖြင့် သက်တမ်းစေ့ရောက်သည့်အချိန်တွင် စာရင်းသေအပ်ငွေစာရင်းမှ စာရင်းပိတ်သိမ်းခြင်း၊ စာရင်းလွှဲပြောင်းခြင်းတို့အား ဆောင်ရွက်ရန် Certificate of Term Deposit ကို ဘဏ်သို့ (မပျက်မကွက်) တင်ပြရန်လိုအပ်ပါသည်။ ယင်းအတွက် စာရင်းပိုင်ရှင်များအနေဖြင့် ဘဏ်မှထုတ်ပေးထားသော Certificate of Term Deposit ကို သေချာစွာသိမ်းဆည်းထားရှိရန် လိုအပ်ပါသည်။

၄။ သက်တမ်းစေ့ရောက်သည့်အချိန်တွင် စာရင်းသေအပ်ငွေစာရင်းမှ မည်သို့ငွေထုတ်ယူနိုင်ပါသနည်း။

သက်တမ်းစေ့သည့်အချိန် (Auto rollover customer များအတွက် နောက်အကျဆုံး သက်တမ်းသစ်အတွင်း ဝင်ရောက်သည့်ပထမဘဏ်ဖွင့်ရက်-၅ ရက်အတွင်းသာ) တွင် စာရင်းပိုင်ရှင်(များ) ကိုယ်တိုင်ဘဏ်သို့လာရောက်၍ စာရင်းသေအပ်ငွေအား စာရင်းပိတ်သိမ်းနိုင်ပါသည်။ စာရင်းပိတ်သိမ်းနိုင်ရန် စာရင်းသေအပ်ငွေအား စာရင်းပိုင်ရှင်တင်ပြသော ပုံမှန် Call/Current သို့ စာရင်းလွှဲပြောင်းပေးမည် ဖြစ်ပါသည်။ Customer များအနေဖြင့် အဆိုပါလွှဲပြောင်းလိုက်သော ပုံမှန် Call/Current စာရင်းမှ ငွေသား ပြန်လည်ထုတ်ယူနိုင်ပါသည်။

၅။ Customer တစ်ဦးလျှင် စာရင်းသေအပ်ငွေစာရင်း အရေအတွက်မည်မျှအထိ ဖွင့်နိုင်သနည်း။

Customer များအနေဖြင့် သတ်မှတ်ထားသည့် Initial Deposit နှင့် Minimum Balance အချက်များနှင့်အညီ စာရင်းသေအပ်ငွေစာရင်းများကို အရေအတွက်ကန့်သတ်ချက်မရှိ ဖွင့်နိုင်ပါသည်။

၆။ မည်သည့်ဘဏ်ခွဲများတွင် စာရင်းသေအပ်ငွေစာရင်းဖွင့်လှစ်ခြင်း/စာရင်းပိတ်သိမ်းခြင်းတို့ကို လုပ်ဆောင်နိုင်မည်နည်း။

Customer များအနေဖြင့် နိုင်ငံတစ်ပှမ်းလုံးရှိ ကမ္ဘောဇဘဏ်ခွဲတိုင်းတွင် စာရင်းသေအပ်ငွေစာရင်းကို ဖွင့်လှစ်နိုင်ပါသည်။ ဖွင့်လှစ်ထားသော စာရင်းသေအပ်ငွေစာရင်း ပိတ်သိမ်းရန်အတွက်မူ အဆိုပါစာရင်းသေအပ်ငွေစာရင်းအား ဖွင့်လှစ်ခဲ့သော မူလဘဏ်ခွဲ (Home Branch) သို့ စာရင်ပိုင်ရှင်(များ)ကိုယ်တိုင်သွားရောက်ရန် လိုအပ်ပါသည်။

၇။ ဖွင့်လှစ်ထားသော စာရင်းသေအပ်ငွေစာရင်းထဲသို့ငွေသား ထပ်မံထည့်သွင်းနိုင်ပါသလား။

မထည့်သွင်းနိုင်ပါ။ စာရင်းသေအပ်ငွေအမျိုးအစားမှာ ဖွင့်လှစ်ချိန်မှစ၍ စာရင်းအားပိတ်သိမ်းချိန်အထိ ငွေသားထပ်မံထည့်သွင်းခြင်း၊ စာရင်းလွှဲပြောင်းနည်းဖြင့် ထည့်သွင်းခြင်းများ မပြုလုပ်နိုင်ပါ။ Customer များအနေဖြင့် ငွေသားထပ်မံထည့်သွင်းလိုပါက နောက်ထပ်စာရင်းသေအပ်ငွေစာရင်းအသစ်တစ်ခု ထပ်မံဖွင့်လှစ်နိုင်ပါသည်။

၈။ သက်တမ်းစေ့ရောက်သည့်အချိန်တွင် စာရင်းသေအပ်ငွေစာရင်း၏အရင်းအား Renewal ပြုလုပ်၍ အတိုးချည်းသာ စာရင်းပိုင်ရှင်၏ ပုံမှန် Current စာရင်းသို့ စာရင်းပြောင်းထည့်သွင်းပေးနိုင်ပါသလား။

လွှဲပေးနိုင်ပါသည်။ သက်တမ်းစေ့ရောက်သည့်အချိန်တွင် စာရင်းသေအပ်ငွေစာရင်း၏အရင်းအား Renewal ပြုလုပ်၍ အတိုးချည်းသာ စာရင်းပိုင်ရှင်၏ ပုံမှန် Current စာရင်းသို့ စာရင်းပြောင်းထည့်သွင်းပေးနိုင်ပါသည်။

၉။ စာရင်းပိုင်ရှင်(များ)အနေဖြင့် စာရင်းသေအပ်ငွေစာရင်းအား အတိုးအရင်းပေါင်းကို အလိုအလျောက်သက်တမ်းတိုး (Auto Rollover) လုပ်နိုင်ပါသလား။

လုပ်နိုင်ပါသည်။ စာရင်းသေစာရင်းအားဖွင့်လှစ်ရာ၌ စာရင်းပိုင်ရှင်(များ)အနေဖြင့် **(က)** အတိုးအရင်းနှစ်ရပ်စလုံးကို သက်တမ်းတိုးခြင်း၊ **(ခ)** အတိုးအားစာရင်းလွှဲပြောင်း၍အရင်းတစ်ခုတည်းကိုသာ သက်တမ်းတိုးခြင်း၊ **(ဂ)** သက်တမ်းမတိုးဘဲ အတိုးအရင်းနှစ်ရပ်စလုံးအား သက်တမ်းစေ့သည့်အချိန်တွင် စာရင်းပိတ်သိမ်းခြင်း စသည့်တို့ကို Customer များ၏ လိုလားချက်နှင့်အညီ ရွေးချယ်နိုင်ပါသည်။

၁၀။ စာရင်းပိုင်ရှင်(များ)အနေဖြင့် အလိုအလျောက်သက်တမ်းတိုး (Auto Rollover) ထားသော စာရင်းသေအပ်ငွေအား နောက်ထပ်သက်တမ်း ဆက်လက် မထားလိုပါက မည်သို့ဆောင်ရွက်ရမည်နည်း။

စာရင်းပိုင်ရှင်(များ)အနေဖြင့် အလိုအလျောက်သက်တမ်းတိုး (Auto Rollover) ထားသော စာရင်းသေအပ်ငွေအား နောက်ထပ်သက်တမ်း ဆက်လက်မထားလိုပါက သက်တမ်းမစေ့ရောက်မီ (၂) ပတ်အတွင်း ဘဏ်ခွဲသို့ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဘဏ်ခွဲများမှ ဖုန်းဖြင့်ဆက်သွယ်လာချိန်တွင်သော်လည်းကောင်း သက်တမ်းဆက်လက်မတိုးရန် လျှောက်ထားပြင်ဆင်ရမည် ဖြစ်ပါသည်။